# သင်ခန်းစာ-၃၀

## ၁။ ဝေါဟာရများ

| | | |
|---|---|---|
| はります I | | ကပ်သည် (နံရံတွင်ပိုစတာကပ်သည်။စာအိတ်တွင်တံဆိပ်ခေါင်းကပ်သည်။) |
| かけます II | 掛けます | ချိတ်သည်၊ချိတ်ဆက်သည် |
| かざります I | 飾ります | တန်ဆာဆင်သည်၊အလှဆင်သည် |
| ならべます II | 並べます | စီသည်၊တန်းစီသည် |
| うえます II | 植えます | စိုက်ပျိုးသည် |
| もどします I | 戻します | (မူလအနေအထားသို့)ပြန်ထားသည်၊ပြန်ပို့သည်၊ပြန်ဖြစ်အောင်လုပ်သည် |
| まとめます II | | စုစည်းသည်၊နိဂုံးချုပ်သည် |
| しまいます I | | သိမ်းသည်၊သိမ်းဆည်းသည် |
| きめます II | 決めます | ဆုံးဖြတ်သည် |
| よしゅうします III | 予習します | ကြိုတင်လေ့လာသည် |
| ふくしゅうします III | 復習します | ပြန်လှန်လေ့ကျင့်သည် |
| そのままに します III | | အဲဒီအတိုင်းထားသည် |
| じゅぎょう | 授業 | အတန်း၊သင်တန်း၊စာသင်ကြားမှု |
| こうぎ | 講義 | ပို့ချမှု၊လက်ချာ |
| ミーティング | | အစည်းဝေး၊မီတင် |
| よてい | 予定 | ကြိုတင်စီစဉ်မှု၊အစီအစဉ် |
| おしらせ | お知らせ | အကြောင်းကြားခြင်း၊အသိပေးခြင်း၊အသိပေးချက် |
| ガイドブック | | လမ်းညွှန်စာအုပ် |
| カレンダー | | ပြက္ခဒိန်၊ကလန်ဒါ |
| ポスター | | နံရံကပ်စာစောင်၊ပိုစတာ |
| よていひょう | 予定表 | အစီအစဉ်ဇယား၊အချိန်ဇယား |
| ごみばこ | ごみ箱 | အမှိုက်ပုံး |
| にんぎょう | 人形 | (လူ)အရုပ် |
| かびん | 花瓶 | ပန်းအိုး |
| かがみ | 鏡 | မှန်၊ကြည့်မှန်၊ကြေးမုံ |
| ひきだし | 引き出し | အံဆွဲ |
| げんかん | 玄関 | အိမ်အဝင်ဝ၊ဖိနပ်ချွတ်နေရာ |
| ろうか | 廊下 | လျှောက်လမ်း၊လူသွားစင်္ကြံ၊ကော်ရစ်ဒါ |
| かべ | 壁 | နံရံ |
| いけ | 池 | ရေကန်၊ရေအိုင် |
| もとの ところ | 元の 所 | မူလနေရာ |
| まわり | 周り | ဘေးပတ်လည်၊ပတ်လည်တစ်ဝိုက်၊ပတ်ဝန်းကျင် |
| まんなか* | 真ん中 | အလယ်ခေါင် |
| すみ | 隅 | ထောင့်စွန်း |
| まだ | | သေး၊တုန်း |

〈会話〉

| | |
|---|---|
| リュック | ကျောပိုးအိတ် |
| 非常袋 | အရေးပေါ်အိတ် |
| 非常時 | အရေးပေါ်အချိန် |
| 生活します III | နေထိုင်အသက်မွေးသည် |
| 懐中電灯 | လက်နှိပ်ဓာတ်မီး |
| ～とか、～とか | ～တို့၊～တို့ |

〈読み物〉

| | |
|---|---|
| 丸い | လုံးသော၊ဝိုင်းသော |
| ある ～ | တစ်ခုသော～ |
| 夢を 見ます II | အိပ်မက်(ကို) မက်သည်၊စိတ်ကူး(ကို) ယဉ်သည် |
| うれしい | ဝမ်းသာသော |
| 嫌[な] | မနှစ်မြို့သော၊မကြိုက်သော၊မကြည်ဖြူသော |
| すると | ဆိုရင်ပဲ၊လုပ်လိုက်တော့၊လုပ်လိုက်လျှင်ပဲ၊အဲဒီအခါမှာတော့ |
| 目が 覚めます II | မျက်လုံး(က) ပွင့်သည်၊နိုးသည် |

## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. Vて-ပုံစံ あります

Vて-ပုံစံ ありますသည် တစ်ဦးတစ်ယောက်မှ ရည်ရွက်ချက်တစ်ခုအတွက်လုပ်ဆောင်ခဲ့သည့် အပြုအမူတစ်ခုမှ ပေါ်ထွက်လာသောရလဒ်၏ ဆက်လက်ကျန်ရှိနေသည့်အခြေအနေကို ဖော်ပြသည်။ ကြိယာအဖြစ် ပြုခြင်းပြကြိယာ (ကံပုဒ်ရှိကြိယာ)ကိုအသုံးပြုသည်။

၁) $N_1$に $N_2$が Vてပုံစံ あります

① 机の 上に メモが 置いて あります。
   စာရေးခုံပေါ်မှာ မှတ်စုကို ထားထားပါတယ်။

② カレンダーに 今月の 予定が 書いて あります。
   ပြက္ခဒိန်မှာ ဒီလရဲ့အစီအစဉ်တွေ(ကို) ရေးထားပါတယ်။

၂) $N_2$は $N_1$に Vて-ပုံစံ あります

$N_2$ကို အဓိကအကြောင်းအရာအဖြစ် ထုတ်နုတ်ဖော်ပြရာတွင် ဝိဘတ်はကိုအသုံးပြုသည်။

③ メモは どこですか。
   …… [メモは] 机の 上に 置いて あります。
   မှတ်စုက ဘယ်မှာလဲ။
   ......[မှတ်စုကို] စာရေးခုံပေါ်မှာ ထားထားပါတယ်။

④ 今月の 予定は カレンダーに 書いて あります。
   ဒီလရဲ့အစီအစဉ်တွေကို ပြက္ခဒိန်မှာ ရေးထားပါတယ်။

[မှတ်ချက်] Vて-ပုံစံ いますနှင့် Vて-ပုံစံ あります၏ကွာခြားမှု

⑤ 窓が 閉まって います。　　ပြတင်းပေါက်က ပိတ်နေပါတယ်။

⑥ 窓が 閉めて あります。　　ပြတင်းပေါက်ကို ပိတ်ထားပါတယ်။

⑤⑥ကဲ့သို့ Vて-ပုံစံ いますနှင့် Vて-ပုံစံ ありますတွင် အတွဲဖြစ်နေသည့် ဖြစ်ခြင်းပြကြိယာ(ကံပုဒ်မဲ့ကြိယာ) (しまります)နှင့် ပြုခြင်းပြကြိယာ(ကံပုဒ်ရှိကြိယာ)(しめます)ကို အသုံးပြုသည့်အခါ၊ ⑤သည် ပြတင်းပေါက်ပိတ်နေသည့်အခြေအနေကို သာမန်ဖော်ပြနေခြင်းမျှသာဖြစ်သော်လည်း၊ ⑥မှာမူ တစ်ဦးတစ်ယောက်၏အပြုအမူကြောင့် ထိုကဲ့သို့သောအခြေအနေသို့ရောက်ရှိသွားသည်ကို ဖော်ပြသည်။

### ၂. Vて-ပုံစံ おきます

၁) အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်သည့် ပြုမူလုပ်ဆောင်မှုနှင့် အပြုအမူတို့ကို အပြီးလုပ်ဆောင်ထားခြင်းကို ဖော်ပြသည်။

⑦ 旅行の まえに、切符を 買って おきます。
   ခရီးမထွက်ခင် လက်မှတ်ကို ဝယ်ထားပါမယ်။

⑧ 次の 会議までに 何を して おいたら いいですか。
   ……この 資料を 読んで おいて ください。
   နောက်အစည်းအဝေးမတိုင်ခင် ဘာလုပ်ထားရမလဲ။
   ......ဒီစာရွက်စာတမ်းတွေကို ဖတ်ထားပါ။

၂) နောက်တစ်ကြိမ်တွင် အသုံးပြုရန်အတွက် လိုအပ်သည့်ပြုမူလုပ်ဆောင်မှုကို ကြိုတင်၍ ပြီးမြောက်စေခြင်းနှင့် ယာယီတွက်ချက်လုပ်ဆောင်ခြင်းကို ဖော်ပြသည်။

⑨ はさみを 使ったら、元の 所に 戻して おいて ください。
   ကတ်ကြေးကို သုံးပြီးရင်၊ မူလနေရာမှာ ပြန်ထားပါ။





၃) ရလဒ်၏အခြေအနေကို ဆက်လက်တည်တံ့စေခြင်းကို ဖော်ပြသည်။

⑩ あした 会議が ありますから、いすは この ままに して おいて ください。
   မနက်ဖြန် အစည်းအဝေး ရှိတဲ့အတွက် ထိုင်ခုံကို ဒီအတိုင်း ထားထားပါ။

[မှတ်ချက်] အပြောစကားတွင်～て おきますသည် ～ときますဟူ၍ဖြစ်သွားသည်က များသည်။

⑪ そこに 置いといて (置いて おいて) ください。
   အဲဒီမှာ ထားထားပါ။ (သင်ခန်းစာ-၃၈)

### ၃. まだ +အဟုတ်(/အငြင်းမဟုတ်) V နေသေးတယ်။

⑫ まだ 雨が 降って います。　　မိုးရွာနေသေးတယ်။

⑬ 道具を 片づけましょうか。
   ……まだ 使って いますから、その ままに して おいて ください。
   ကိရိယာတန်ဆာပလာတွေကို သိမ်း[လိုက်]ရမလား။
   ......သုံးနေသေးလို့အဲဒီအတိုင်း[ပဲ] ထားထားပါ။

ဤまだသည် (မပြီးသေးကြောင်းသို့မဟုတ်လုပ်ဆောင်ဆဲဖြစ်ကြောင်းကိုဖော်ပြသည့် "-သေး"သို့မဟုတ်"-တုန်း") ဟုအဓိပ္ပာယ်ရပြီး၊ ပြုမူလုပ်ဆောင်မှုသို့မဟုတ်အခြေအနေ၏ ဆက်လက်ဖြစ်ပေါ်နေခြင်းကို ဖော်ပြသည်။

### ၄. とか

とかသည် やနှင့်တူညီပြီး ဥပမာပေးသည့်အခါမျိုးတွင် အသုံးပြုသည်။ とかသည် やနှင့်နှိုင်းယှဉ်လျှင် အပြောဆန်ပြီး၊ ဥပမာပေးသည့်နောက်ဆုံးနာမ်၏နောက်၌ထား၍လည်း အသုံးပြုနိုင်သည်။

⑭ どんな スポーツを して いますか。
   ……そうですね。テニスとか 水泳とか……。
   ဘယ်လိုအားကစားမျိုးကို လုပ်နေလဲ။
   ......ဘယ်လိုပြောရမလဲ။ တင်းနစ်တို့ရေကူးတာတို့......

### ၅. ဝိဘတ်+も

もကို がနှင့် をတွဲပါသည့် နာမ်၏နောက်၌တွဲ၍အသုံးပြုရသည့်အခါမျိုးတွင်၊ がနှင့် をကို ဖြုတ်ပစ်ရသည်။ အခြားဝိဘတ်များ(ဥပမာ: に၊ で၊ から၊ まで၊ と)၏နောက်တွင်မူ တွဲ၍အသုံးပြုနိုင်သည်။ へကိုမူ ဖြုတ်၍အသုံးပြုနိုင်သကဲ့သို့ တွဲ၍လည်းအသုံးပြုနိုင်သည်။

⑮ ほかにも いろいろ あります。　　တခြားဟာလည်း အမျိုးမျိုး ရှိတယ်။

⑯ どこ[へ]も 行きません。　　ဘယ်[ကို]မှ မသွားဘူး။